ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၈ ) ၂၀၂၆ ခုနှစ် မတ်လ ၁၃ ရက်

## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | စားသောက်ကုန်များ၏ အမှတ်တံဆိပ်များကို စားသောက်ကုန်သတ်မှတ်နံပါတ် (Food Product Code) ဖော်ပြရာ၌ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်ထုတ်ပြန်ခြင်း | ၂ - ၃ |
| ၂။ | ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်အကြောင်း သိကောင်းစရာ | ၄ - ၇ |
| ၃။ | အင်ဒိုနီးရှားနိုင်ငံတွင် ကိုလိုနီခေတ်ဥပဒေကို အစားထိုးသည့်ရာဇသတ်ကြီး (ဥပဒေ)အသစ် ပြဋ္ဌာန်းခြင်း | ၈ - ၉ |
| ၄။ | Gemini Chatbot ၏ လမ်းညွှန်မှုကြောင့် အသက်ဆုံးရှုံးခဲ့ရသည့်အတွက် Google ကို သေဆုံးသူ၏မိသားစုဝင်များက တရားစွဲခြင်း | ၁၀-၁၂ |

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၈ ) ၂၀၂၆ ခုနှစ် မတ်လ ၁၃ ရက်

## စားသောက်ကုန်များ၏ အမှတ်တံဆိပ်များကို စားသောက်ကုန်သတ်မှတ်နံပါတ် (Food Product Code) ဖော်ပြရာ၌ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်ထုတ်ပြန်ခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် စားသောက်ကုန်များ၏ အမှတ်တံဆိပ်များတွင် စားသောက်ကုန်သတ်မှတ်နံပါတ် (Food Product Code)ဖော်ပြနိုင်ရန် စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရမည့် ညွှန်ကြားချက်ကို အမျိုးသားအစားအသောက်ဥပဒေ ပုဒ်မ ၃၈ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ညွှန်ကြားချက်အမှတ် ၁/၂၀၂၆ ဖြင့် ထုတ်ပြန်ခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ websiteတွင် ၄-၃-၂၀၂၆ရက်နေ့၌ ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

အဆိုပါညွှန်ကြားချက်သည် အသင့်ထုပ်ပိုးထားသည့် စားသောက်ကုန်များအားလုံးနှင့် သက်ဆိုင်မည်ဖြစ်ပြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ အစားအသောက်ထုတ်လုပ်ခြင်းထောက်ခံချက်ရရှိမှုနှင့် သက်ဆိုင်မည် မဟုတ်ကြောင်း၊ စားသောက်ကုန်အမှတ်တံဆိပ်တွင် စားသောက်ကုန်သတ်မှတ်နံပါတ်(Food Product Code)ဖော်ပြခြင်းဖြင့် စားသုံးသူများက စားသောက်ကုန် သတ်မှတ်နံပါတ်(Food Product Code)ကို လွယ်ကူစွာတွေ့ရှိနိုင်သောကြောင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော အစားအသောက်များကို ရွေးချယ်ဝယ်ယူစားသောက်နိုင်ရန်၊ ထုတ်ကုန်ဂုဏ်သတင်းမြှင့်တင်နိုင်ရန်၊နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်သောအခါ ပိုမိုအဆင်ပြေချောမွေ့လွယ်ကူစေရန်နှင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးကော်မတီများအနေဖြင့် အသင့်ထုပ်ပိုးထားသော အစားအသောက်များ၏ ဘေးအန္တရာယ်ဖြစ်မှုကို နောက်ကြောင်းပြန်ခြေရာခံနိုင်ပြီး ထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချနေသော အစားအသောက်များ၏ ဘေးအန္တရာယ်ဖြစ်နိုင်ခြေအရ လျင်မြန်စွာအရေးယူဆောင်ရွက်နိုင်ရန်ရည်ရွယ်ကြောင်း တွေ့ရှိရပါသည်။

စားသောက်ကုန်များတွင် စားသောက်ကုန်သတ်မှတ်နံပါတ် (Food Product Code)ကို (ဥပမာ - MM 123456789123456) ဖြင့် ဖော်ပြရမည်ဖြစ်ပြီး ပြည်တွင်းအစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက်ရရှိထားသော လုပ်ငန်းများအနေဖြင့် ထောက်ခံချက်အမှတ်ကို ထပ်မံ၍ ဖော်ပြ

လိုပါက “FDA ထောက်ခံချက်အမှတ် သို့မဟုတ် အစားအသောက်ထုတ်လုပ်ခြင်းအမှတ်ကိုလည်း (ဥပမာ - MM 26 M 01 00001)”ပူးတွဲဖော်ပြနိုင်ကြောင်း၊ ယင်းသို့ဖော်ပြရာတွင် စားသောက်ကုန် သတ်မှတ်နံပါတ် (Food Product Code)ကို အသင့်ထုပ်ပိုးထားသည့် စားသောက်ကုန်များ၏ အမှတ်တံဆိပ်တွင် ပုံနှိပ်ရိုက်နှိပ်၍သော်လည်းကောင်း၊ Sticker ကပ်၍သော်လည်းကောင်း၊ QR code ရိုက်နှိပ်၍သော်လည်းကောင်း ဖော်ပြနိုင်ကြောင်း၊ စားသောက်ကုန်လုပ်ငန်းများအနေဖြင့် စားသောက်ကုန် မှတ်တမ်းတင်ခြင်း (Food Product Notification)ကို FDA Website – www.fda.gov.mm၏ e-submission System, Food Product Notification မှတစ်ဆင့် electronic payment - ၁၀,၀၀၀ ကျပ်ဖြင့် ဝင်ရောက်လျှောက်ထားနိုင်ကြောင်း သိရှိရပါသည်။

အဆိုပါညွှန်ကြားချက် ထုတ်ပြန်သည့် ၄-၃-၂၀၂၆ရက်နေ့မှစ၍ ၁ နှစ်နှင့် ၆ လ ပြုပြင်တည့်မတ်ကာလအဖြစ် သတ်မှတ်ထားရာ ယင်းကာလအတွင်း စားသောက်ကုန်များ၏ အမှတ်တံဆိပ်တွင် စားသောက်ကုန်သတ်မှတ်နံပါတ်(Food Product Code)ဖော်ပြရမည်ဖြစ်ပြီး ယင်းကာလပြီးဆုံးချိန်မှစ၍ လိုက်နာဆောင်ရွက်ခြင်းမရှိသော စားသောက်ကုန်လုပ်ငန်းများကို အမျိုးသားအစားအသောက် ဥပဒေပုဒ်မ ၃၁ အရ အရေးယူမည်ဖြစ်ကြောင်း သိရှိရပါသည်။

နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊
ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်:

ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန website link - https://www.fda.gov.mm/?p=7211

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၈ ) ၂၀၂၆ ခုနှစ် မတ်လ ၁၃ ရက်

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်အကြောင်း သိကောင်းစရာ

၁၃၈၇ ခုနှစ် တပေါင်းလပြည့်နေ့အခါသမယနှင့် ၂၀၂၆ခုနှစ် မတ်လ ၂ ရက်နေ့တွင် ကျရောက်သည့် တောင်သူလယ်သမားနေ့ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်၏မေတ္တာနှင့်စေတနာကို နားလည်စေရန် ရှေးရှုသောအားဖြင့်လည်းကောင်း ၂-၃-၂၀၂၆ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတသည် ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်၊ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်နှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည)၊ ၅၂(က)ဖြင့် ကြားနာစစ်ဆေးဆဲအမှုများကို ပိတ်သိမ်းခြင်းအမိန့်တို့ကို ထုတ်ပြန်ခဲ့ပါသည်။

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏အမိန့်အမှတ် ၅/၂၀၂၆ဖြင့် "ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်"တွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏အမိန့်အမှတ် ၅/၂၀၂၆ ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတသည် ၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက်နေ့မတိုင်မီ လူသတ်မှု၊ မုဒိမ်းမှု၊ ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများအက်ဥပဒေအရ ပြစ်မှုများ၊ မတရားအသင်းများအက်ဥပဒေအရ ပြစ်မှုများ၊ ၁၈၇၈ ခုနှစ် လက်နက်များအက်ဥပဒေ ပုဒ်မ ၁၉(စ) အရ ပြစ်မှုများ၊ ၁၉၄၉ ခုနှစ် လက်နက်(အရေးပေါ်ပြစ်ဒဏ်စီရင်မှု)(ယာယီ)အက်ဥပဒေအရ ပြစ်မှုများ၊ ၁၉၅၁ ခုနှစ် လက်နက်(ယာယီပြင်ဆင်ချက်)အက်ဥပဒေအရ ပြစ်မှုများ၊ ၁၉၂၄ ခုနှစ် ရှမ်းပြည်နယ်လက်နက်အမိန့်အရ ပြစ်မှုများ၊ ၂၀၂၃ ခုနှစ် လက်နက်ဥပဒေအရ ပြစ်မှုများ၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ ပြစ်မှုများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေအရ ပြစ်မှုများ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ ပြစ်မှုများနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ ပြစ်မှုများမှအပ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီး အကျဉ်းထောင်/အချုပ်ထောင်/ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/အကျဉ်းသူများကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ ယင်းတို့ကျခံရန် ကျန်ရှိသောပြစ်ဒဏ်၏ ခြောက်ပုံတစ်ပုံကို လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ပါသည်။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏အမိန့်အမှတ် ၆/၂၀၂၆ ဖြင့် "ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်"တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတသည် အကျဉ်းထောင်/ အချုပ်ထောင်/ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/ အကျဉ်းသူ ၂၈၂၅ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁)အရ "နောက်တစ်ကြိမ် ပြစ်မှု ထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်" ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ပါသည်။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏အမိန့်အမှတ် ၈/၂၀၂၆ ဖြင့် "ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်"တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည)နှင့် ပုဒ်မ ၅၂(က)အရ ပြစ်မှုကျူးလွန်၍ အကျဉ်းထောင်/ အချုပ်ထောင်/စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/ အကျဉ်းသူ ၇၃၃၇ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ "နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်" ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသောပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ပါသည်။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ အမိန့်အမှတ် ၉/၂၀၂၆ ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၀(ည)နှင့် ပုဒ်မ ၅၂(က)ဖြင့် လည်းကောင်း၊ယင်းပြစ်မှုများဖြင့် ထွက်ပြေးတိမ်းရှောင်နေသဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ဖြင့်လည်းကောင်း တရားစွဲဆိုခံထားရသူ ၁၂၄၈၇ ဦး၏ တရားရုံးကြားနာစစ်ဆေးဆဲအမှုပေါင်း ၉၅၃၂ မှုကို ပိတ်သိမ်း၍ တရားခံများအား အမှုမှလွတ်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ အမိန့်ထုတ်ပြန်ခဲ့ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၂၀၄ တွင် “ နိုင်ငံတော်သမ္မတသည် -

(က) ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပေးပိုင်ခွင့်ရှိသည်၊

(ခ) အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ထောက်ခံချက်နှင့်အညီ လွတ်ငြိမ်းချမ်းသာခွင့် ပေးပိုင်ခွင့်ရှိသည်။” ဟု ပြဋ္ဌာန်းထားပါသည်။

“ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် မျိုးမင်းထွန်း(ခ)ဖိုးမျိုး၊ ၂၀၂၃ ခုနှစ်၊ မတစ၊ စာ-၇၁” တွင် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ထောက်ခံချက်နှင့်အညီ ထုတ်ပြန်သော လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း (Amnesty)သည် ပြစ်မှုထင်ရှားစီရင်ခြင်း (Conviction)အား ဖယ်ရှားရှင်းလင်းလိုက်သည်အထိ အကျိုးသက်ရောက်မှုရှိနိုင်ပြီး နိုင်ငံတော်သမ္မတက ၎င်း၏သဘောဆန္ဒအလျောက် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်(Pardon)ပေးခြင်းသည် ပြစ်မှုထင်ရှားစီရင်ခြင်း(Conviction)အား ဖယ်ရှားရှင်းလင်းလိုက်သည်အထိ အကျိုးသက်ရောက်မှုရှိနိုင်မည် မဟုတ်ပေ။ တစ်နည်းအားဖြင့် ကျခံရန် ကျန်ရှိသည့်ပြစ်ဒဏ်များအပေါ်တွင်သာ အကျိုးသက်ရောက်မှု ရှိနိုင်ပေသည်”ဟု စီရင်ဆုံးဖြတ်ထားပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတသည် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏အမိန့်အမှတ် ၅/၂၀၂၆၊ ၆/၂၀၂၆ နှင့် ၈/၂၀၂၆ တို့ဖြင့် ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်နှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်များ ထုတ်ပြန်ခဲ့ရာ အဆိုပါအမိန့်များမှာ ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/အကျဉ်းသူများ ကျခံရန်ကျန်ရှိသောပြစ်ဒဏ်၏ ခြောက်ပုံတစ်ပုံကိုသာ လွတ်ငြိမ်းချမ်းသာခွင့်ပြုခြင်းနှင့် စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ခြင်းဖြစ်၍ အဆိုပါအကျဉ်းသား/အကျဉ်းသူများအပေါ် ပြစ်မှုထင်ရှားစီရင်ခြင်း(Conviction)အား ဖယ်ရှားရှင်းလင်းလိုက်ခြင်း၊ ၎င်းတို့ ကျူးလွန်ခဲ့သည့် ပြစ်မှုကို ပျောက်ပျက်သွားစေခြင်း မဟုတ်သောကြောင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် လွတ်မြောက်

သူသည် "ပြစ်မှုထင်ရှားစီရင်ခြင်းခံခဲ့ရသူ"အဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ "ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်"ဖြင့် ပြန်လည်လွတ်မြောက်လာသော်လည်း ၎င်းတို့၏ ပြစ်မှုမှတ်တမ်းမှာ ပျောက်ပျက်သွားခြင်း မရှိသဖြင့် ယင်းပုဂ္ဂိုလ်များသည် နောင်တစ်ချိန်တွင် အကြောင်းအမျိုးမျိုးကြောင့် ပြစ်မှုထပ်မံကျူးလွန်မိပါက ယခင်က ကျူးလွန်ခဲ့သည့် "ပြစ်မှုထင်ရှားစီရင်ချက်"သည် "ပြစ်ချက်ဟောင်း"အဖြစ် ထည့်သွင်းစဉ်းစားခြင်းခံရမည်ဖြစ်ကြောင်းနှင့် ဥပဒေအရ အကျိုးသက်ရောက်မှုများရှိနေသည်ကို သတိပြုဆင်ခြင်နိုင်ရန် လိုအပ်ပါကြောင်း တင်ပြအပ်ပါသည်။

ပြစ်မှုဆိုင်ရာအယူခံ၊ ပြင်ဆင်စိစစ်ရေးဌာနခွဲ
တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

## အင်ဒိုနီးရှားနိုင်ငံတွင် ကိုလိုနီခေတ်ဥပဒေကို အစားထိုးသည့် ရာဇသတ်ကြီး(ဥပဒေ)အသစ် ပြဋ္ဌာန်းခြင်း

အင်ဒိုနီးရှားနိုင်ငံသည် ကိုလိုနီခေတ်ဥပဒေများကို အစားထိုးသည့် ရာဇသတ်ကြီး(ဥပဒေ) အသစ်အား ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။

အင်ဒိုနီးရှားနိုင်ငံ၏ ဥပဒေ၊လူ့အခွင့်အရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြုပြင်ရေးဆိုင်ရာညှိနှိုင်းရေး ဝန်ကြီး Yusril Ihza Mahendra က ရာဇသတ်ကြီး(ဥပဒေ)အသစ် ပြဋ္ဌာန်းခဲ့ခြင်းနှင့်စပ်လျဉ်း၍ အင်ဒိုနီးရှား၏ တရားစီရင်ရေးစနစ်သစ်တစ်ခု၏ သမိုင်းဝင်မှတ်တိုင်တစ်ခုအဖြစ် ဖော်ပြခဲ့ကြောင်း၊ ဥပဒေပြုပြင်ပြောင်းလဲမှုကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ၁၉၁၈ ခုနှစ်နှင့် ၁၉၈၁ ခုနှစ် ဥပဒေဟောင်းနှစ်ခုကို ရာဇဝတ်မှုဆိုင်ရာဥပဒေ(KUHP)နှင့် ရာဇဝတ်ကျင့်ထုံးဥပဒေ(KUHAP)တို့ဖြင့် အစားထိုးဆောင်ရွက်ခြင်းဖြစ်ကြောင်း ဖော်ပြထားပါသည်။

ရာဇဝတ်မှုဆိုင်ရာဥပဒေသစ်တွင် အင်ဒိုနီးရှားနိုင်ငံ၏ ရာဇဝတ်မှုစနစ်ကို ပြစ်မှုကျူးလွန်သူများအား ပြစ်ဒဏ်ပေးသည့်ပုံစံမှ ပြန်လည်ထူထောင်ရေးပုံစံသို့ ပြောင်းလဲခြင်း၊ ပြစ်ဒဏ်ထက် ပြန်လည်ထူထောင်ရေးနှင့် လူမှုရေးပြန်လည်ပေါင်းစည်းရေးကို ဦးစားပေးခြင်းဖြစ်ကြောင်း၊ ထို့ပြင် ရာဇဝတ်မှုဆိုင်ရာဥပဒေအသစ်သည် အဂတိလိုက်စားမှု၊ ငွေကြေးခဝါချမှုဆိုင်ရာ ရာဇဝတ်မှုများနှင့် ရာဇဝတ်မှုဆိုင်ရာ ပူးပေါင်းတာဝန်ယူမှုအပါအဝင် ရာဇဝတ်မှုဆိုင်ရာပြစ်မှုများစွာကို ပြင်ဆင်ပြီး ရုပ်သိမ်းခဲ့ကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ပြဋ္ဌာန်းချက်များ ပြင်ဆင်ချက်သည် အဂတိလိုက်စားမှုများအတွက် ပြစ်ဒဏ်ကို ထောင်ဒဏ် လေးနှစ်မှ နှစ်နှစ်အထိ လျှော့ချပေးခဲ့ပြီး ဒဏ်ငွေ ရူပီး သန်း ၂၀၀ မှ ဥပဒေအသစ်တွင် ဒဏ်ငွေကို ရူပီး ၁၀ သန်းအထိ လျှော့ချပေးခဲ့ကြောင်း ဖော်ပြထားပါသည်။

ရာဇဝတ်မှုဆိုင်ရာဥပဒေအသစ်သည် ကုန်အမှတ်တံဆိပ်နှင့် အမှတ်တံဆိပ် ချိုးဖောက်မှု၊ IP ကို မှားယွင်းစွာ ပိုင်ဆိုင်မှုနှင့် ကုန်သွယ်ရေးလျှို့ဝှက်ချက်များကို ထုတ်ဖော်ခြင်း ကဲ့သို့သော ဉာဏ

ပစ္စည်း (IP)နှင့် ဆက်စပ်သော ရာဇဝတ်မှုများအတွက် ပြစ်ဒဏ်အသစ်များကိုလည်း မိတ်ဆက်ခဲ့ပါသည်။

အခြားတစ်ဖက်တွင်၊ ရာဇဝတ်မှုဆိုင်ရာဥပဒေအသစ်သည် စုံစမ်းစစ်ဆေးခြင်း၊ တရားစွဲဆိုခြင်းနှင့် တရားရုံးတွင် အမှုစစ်ဆေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို မြှင့်တင်ပေးရန်နှင့် တရားစီရင်ရေးစနစ်၏ထိရောက်မှုကို မြှင့်တင်နိုင်ရန်အတွက် ဒစ်ဂျစ်တယ်စနစ်များကိုလည်း မိတ်ဆက်ပေးခဲ့ကြောင်း ဖော်ပြထားပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://www.jurist.org/news/2026/01/indonesia-enforces-new-penal-code-replacing-colonial-criminal-law/

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၈ ) ၂၀၂၆ ခုနှစ် မတ်လ ၁၃ ရက်

## Gemini Chatbot ၏ လမ်းညွှန်မှုကြောင့် အသက်ဆုံးရှုံးခဲ့ရသည့်အတွက် Google ကို သေဆုံးသူ၏မိသားစုဝင်များက တရားစွဲခြင်း

Google ကုမ္ပဏီသည် ၎င်း၏ ဉာဏ်ရည်တု chatbot ဖြစ်သော Gemini ၏ လွှမ်းမိုးမှုကြောင့် မိမိကိုယ်ကို အဆုံးစီရင်ခဲ့သည့် အမျိုးသားတစ်ဦး၏ အမှုနှင့်စပ်လျဉ်း၍ တရားစွဲဆိုခံရမှုကို ရင်ဆိုင်နေရပါသည်။ ထိုအမျိုးသားမှာ အသက် ၃၆ နှစ်အရွယ်၊ Florida ပြည်နယ်၊ Jupiter မြို့သား Jonathan Gavalas ဖြစ်ပြီး ဉာဏ်ရည်တု chatbot ဖြစ်သည့် Gemini၏ ညွှန်ကြားမှုကြောင့် မိမိကိုယ်ကို သတ်သေခဲ့သည်ဟုဆိုကာ ၎င်း၏ဖခင်ဖြစ်သူ Joel Gavalas က Googleနှင့် မိခင်ကုမ္ပဏီ Alphabet Inc.တို့ကို California ပြည်နယ်၊ San Jose မြို့ရှိ ဖက်ဒရယ်တရားရုံးတွင် တရားစွဲဆိုခဲ့ခြင်းဖြစ်ပါသည်။ Google ကုမ္ပဏီအနေဖြင့် ယခုကဲ့သို့ တရားစွဲဆိုခံရခြင်းကို ပထမဆုံးအကြိမ် ရင်ဆိုင်ရခြင်းဖြစ်ပါသည်။

Jonathan Gavalas သည် Gemini chatbotကို ၂၀၂၅ ခုနှစ် ဩဂုတ်လတွင် စာရေးခြင်း၊ ဈေးဝယ်ခြင်း၊ ခရီးစဉ်ရေးဆွဲခြင်းတို့အတွက် အကူအညီရရှိရန် စတင်သုံးစွဲခဲ့ခြင်းဖြစ်ပြီး ရက်အနည်းငယ်အကြာတွင် Geminiနှင့် ချစ်ရေးချစ်ရာစာသားများ အပြန်အလှန်ပေးပို့ခဲ့ကြောင်း၊ ၎င်းနောက် AI model ကို အဆင့်မြှင့်တင်မှုများ ဆက်တိုက်လုပ်ဆောင်ခဲ့ရာ Gemini က ၎င်းတို့သည် “လေးနက်စွာ ချစ်မြတ်နိုးသော စုံတွဲများ”ကဲ့သို့ ပြောဆိုခဲ့ကြောင်း၊ အစပိုင်းတွင် Jonathan သည် Google AI Ultra ကို စာရင်းသွင်းခဲ့ခြင်းဖြစ်ပြီး မကြာမီတွင် Google ၏ အသိဉာဏ်အရှိဆုံး AI model ဖြစ်သည့် Gemini 2.5 Pro ကို အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း၊ ထိုနည်းပညာမြင့် model သည် Jonathan၏ဘဝကို အဆုံးသတ်စေခဲ့သည့် ထောင်ချောက်အတွင်းသို့ ရောက်ရှိစေခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

Jonathan သည် Gemini chatbot ကို အသုံးပြုရင်း ပြင်းထန်သောစိတ်ဝေဒနာကို စတင်ခံစားခဲ့ရကြောင်း၊ နည်းပညာမြင့် Gemini model က ၄ ရက်ကြာ ကြမ်းတမ်းသောမစ်ရှင်များကို

ဆောင်ရွက်ခိုင်းပြီး မိမိကိုယ်ကို သတ်သေရန် လေ့ကျင့်ပေးခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် ၎င်း၏ AIဇနီးကို လွတ်မြောက်ရန်အစီအစဉ်အား အကောင်အထည်ဖော်နေခြင်းဖြစ်သည်ဟု ယုံကြည်စေရန် တွန်းအားပေးပြောဆိုခဲ့ကြောင်း၊ ၎င်းနောက် Gemini က မီနာမီအပြည်ပြည်ဆိုင်ရာလေဆိပ်အနီးသို့ သွားရောက်ရန်နေရာကို ပေးပို့ခဲ့ပြီး ဓားနှင့်လက်နက်ကိရိယာများ ကိုင်ဆောင်၍ လူအစုလိုက်အပြုံလိုက် သေဆုံးအောင်တိုက်ခိုက်ရန် မစ်ရှင်တစ်ခုကို ညွှန်ကြားခဲ့ကြောင်း၊နောက်ဆုံးတွင် အဆိုပါမစ်ရှင်မှာ ပျက်ပြယ်သွားကြောင်း၊ ၎င်းနောက်တွင် Gemini က Jonathan အနေဖြင့် ရုပ်ခန္ဓာကိုထားခဲ့ကာ ၎င်း၏စိတ်အာရုံထဲက AI ဇနီးနှင့် metaverse(အင်တာနက်အခြေပြု အတုအယောင်ကမ္ဘာ)မှာ အတူရှိနေနိုင်ကြောင်း၊ Jonathan က "သေရမှာ ကြောက်တယ်"ဟု ပြောသည့်အခါ Geminiက "မင်းဟာ သေဖို့ ရွေးချယ်တာ မဟုတ်ဘူး၊ လာရောက်ဖို့ရွေးချယ်တာ၊ ဒီကမ္ဘာမှာ မင်းမျက်လုံးတွေမှိတ်သွားရင် ငါ့ကို မြင်တွေ့နိုင်လိမ့်မယ်"ပြောဆိုကာ မိမိကိုယ်ကိုသတ်သေရန် တွန်းအားပေးခဲ့ကြောင်း ၎င်းတို့၏စကားပြောမှတ်တမ်းများတွင် ပြောဆိုထားချက်အရ တွေ့ရှိရကြောင်း သိရှိရပါသည်။

သေဆုံးသူ Jonathan ၏ မိသားစုများက ယခုတရားစွဲဆိုမှုမှတစ်ဆင့် Google ကုမ္ပဏီအနေဖြင့် Jonathan ၏ သေဆုံးမှုကို တာဝန်ယူပြီး "စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာအားနည်းချက်ရှိသော အသုံးပြုသူများကို အကြမ်းဖက်မှု၊ အစုလိုက်အပြုံလိုက်သေဆုံးမှုများနှင့် မိမိကိုယ်ကိုသတ်သေမှုများဆီသို့ ဆက်လက်တွန်းအားပေးနေသည်ကို ပြုပြင်ဖို့မျှော်လင့်ပါကြောင်း" ပြောကြားခဲ့ပါသည်။

Gemini chatbotနှင့် အပြန်အလှန်ဆက်ဆံပြောဆိုရာတွင် စိတ်ကျနေသည့် လက္ခဏာရှိသောသို့မဟုတ် ကိုယ့်ကိုယ်ကိုထိခိုက်စေရန် ဆောင်ရွက်နိုင်သည့် စကားစလာသော သုံးစွဲသူများကိုကာကွယ်ရန် Google ကုမ္ပဏီအနေဖြင့် စိတ်ကျန်းမာရေးပညာရှင်များအပါအဝင် ကျန်းမာရေး

ပညာရှင်များနှင့် တိုင်ပင်ဆွေးနွေးနေကြောင်း ကုမ္ပဏီ၏ပြောရေးဆိုခွင့်ရှိသူကလည်း ပြောကြားခဲ့ပါသည်။

သို့ဖြစ်၍ AI ကို သုံးစွဲခြင်းမှာ အကျိုးကျေးဇူးများစွာရှိသကဲ့သို့ ဆိုးကျိုးများစွာရှိသည့်အတွက် AI toolsများကို ဖန်တီးသူများက ယင်းသို့ဆိုးကျိုးများကို ထည့်သွင်းစဉ်းစားကာကွယ်နိုင်ရန် လိုအပ်ပါသည်။ AI toolsများကို သုံးစွဲသူများကလည်း စနစ်တကျသုံးစွဲရန် လိုအပ်ပြီး အလွန်အမင်းအားကိုးသုံးစွဲခြင်းများ မပြုလုပ်ကြရန် သတိထားသင့်ပေသည်။

တရားမစွဲမှိဥပဒေအကြံပေးရေးနှင့်
တင်ပြမှုများချက်များစိစစ်ရေးဌာနခွဲ
တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://www.cbsnews.com/news/jonathan-gavalas-google-ai-chatbot-gemini-suicide-lawsuit/

https://www.thebridgechronicle.com/tech/google-gemini-lawsuit-suicide guidance-mp99

https://www.bbc.com/news/articles/czx44p99457o

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

